VNG International

DEALS

GOVERNANCE OF INCLUSIVE GREEN GROWTH IN CITIES

# မြို့ပြများတွင် အားလုံးပါဝင်မှုဖြင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး အုပ်ချုပ်မှုစနစ် ဖော်ဆောင်မှု အစီအစဉ် ( DEALS )

## ပုသိမ်မြို့နယ်၊ မြန်မာ

ပုသိမ်မြို့နယ်၊ City DEALS အစီအစဉ်သည် တစ်ဦး တစ်ဖွဲ့ချင်းစီ လုပ်ကိုင်သည့်ပုံစံမျိုး မဟုတ်ဘဲအကျိုးသက်ဆိုင်သူအားလုံးပါဝင်သည့်ချဉ်းကပ်နည်းလမ်းကိုအသုံးပြုထားပါသည်။ ထိုအစီအစဉ်သည်ရေလွှမ်းဒဏ်ခံရလေ့ရှိသည့်ဒေသများတွင်နေထိုင်ကျသောမြို့ပြနေ ဆင်းရဲသားပြည်သူများအတွက် ရေရှည်တည်တံ့စေသော စွန့်ပစ်အမှိုက်နဲ့ ရေစီမံခန့်ခွဲမှုဖြစ်စေရေးကို ဖော်ဆောင်သည့် အစီအစဉ် တစ်ခုဖြစ်ပါသည်။ အဆိုပါ ဆင်းရဲသားများနှင့် တရားမဝင် အခြေ ချနေထိုင်သူများနေထိုင်သည့် မြေနိမ့်ပိုင်းရက်ကွက်များတွင် နစ်စဉ် ရေကြီးမှု ၏ ဆိုးကျိုးများမှာ အလွန်ဆိုးရွားပါသည်။ အကြောင်းမှာ အိမ်ကောင်းအိမ်မွန်များ မဟုတ်ခြင်း၊ ဝန်ဆောင်မှုများ နှင့် အမှိုက်သိမ်း ဆည်းမှုများ ပြည့်ပြည့် ဝဝ မလုပ်ဆောင်နိုင်ခြင်း နှင့် ရေမြောင်းများ ပိတ်ဆို့နေမှု များကြောင့် ဖြစ်ပါသည်။ ဤ အစီအစဉ် ၏ ရည်ရွယ်ချက်မှာ နယ်ပယ်ဒေသ အခြေပြု ရေ့ပြေး စမ်းသပ် လုပ်ဆောင်မှုများတွင်ဒေသခံ ပြည်သူများအား ထိထိရောက်ရောက် ပါဝင်စေခြင်း ဖြင့် ထိုစိန်ခေါ်မှုကို ဘက်စုံလွှမ်းခြုံဖြေရှင်းရန်ထိုနယ်ပယ်၊ ရက်ကွက်မှ ရင်ဆိုင်နေရသည့်ပြဿနာအမျိုးမျိုးတွင်အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ ဝင်ရောက်ကူညီဖြေရှင်း ပေးနိုင်ရေး စည်းရုံးဆော်သြရန် နှင့်ချိတ်ဆက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများနှင့်ပတ်သတ်၍ စည်ပင်သာယာရေးအဖွဲ့၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးရန်တို့ဖြစ်ပါသည်။

## စီမံကိန်းလုပ်ငန်းများ

- နည်းပညာအကူအညီပေးခြင်း
- အကျိုးသက်ဆိုင်သူများ ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ သင်တန်းပေးခြင်းနှင့် နည်းပြသင်ကြား ပေးခြင်း၊
- အားလုံးပါဝင်သည့်စွန့်ပစ်အမှိုက် စီမံခန့်ခွဲရေး ဆိုင်ရာ ပြန်ကြားဆက်သွယ်ခြင်းနှင့် လူထုအသိ အမြင်ဖွင့် သင်တန်းပေးခြင်းနှင့် နည်းပြ သင်ကြား ပေးခြင်း၊
- ရေနှင့်စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးအတွက် အခြေခံစီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊
- စီမံကိန်းတစ်လျောက် ကျား၊မရေးရာကို ပိုမို အဓိကထည့်သွင်း စဉ်းစားလာစေရန်အတွက် နည်းပညာပိုင်းအကြံဉာဏ်ပေးခြင်း၊
- ရှေ့ပြေးစမ်းသပ်စီမံကိန်းများကို အဆင်ပြေ စေရန် ပံ့ပိုးကူညီပေးခြင်း၊
- အကျိုးသက်ဆိုင်သူပေါင်းစုံပါဝင်သည့်ရေနှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးဆိုင်ရာ ရှေ့ပြေး စမ်းသပ်စီမံကိန်းများ ဖော်ထုတ် အကောင် အထည်ဖော်ရေးကို ပံ့ပိုးကူညီပေးခြင်း၊
- ရေရှည်တည်တံ့မှုရှိစေရန်အတွက် လူထု ပါဝင်မှုနှင့် အသိအမြင်ပွင့်ရေးတို့ကို ပံ့ပိုးကူညီ ပေးခြင်း၊



## နောက်ခံအကြောင်းအရာ

ပုသိမ်မြို့နယ် သည် မြန်မာနိုင်ငံ၏ ဆဌမမြောက်အကြီးဆုံးမြို့ဖြစ်ပါသည်။ မြေဆီသြဇာကြွယ်ဝ သည့် ဧရာဝတီမြစ်ဝ ကျွန်းပေါ်ဒေသ၏ အချက်အချာတွင်တည်ရှိပြီး လူဦးရေလည်း အလွန် မြန်မြန် တိုးပွားနေပါသည်။ (၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ) ခန့်မှန်းခြေအားဖြင့်လူဦးရေ(၃)သိန်း(၈) သောင်း ခန့်ရှိသည့် ကူးလူးဆက်သွယ် ရောင်းဝယ်ရာ စကြံ မြို့တစ်မြို့ဖြစ်ပါသည်။ မြို့ပြအကျဆုံး မြို့တစ် မြို့ဖြစ်ပြီး တိုင်းဒေသကြီး အစိုးရ၊ အကြီးဆုံးသော စည်ပင်သာယာရေးအဖွဲ့၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၏ ရုံးခွဲများ စွာနှင့် ရပ်ကွက် (၁၅) ခုတွင် ကောင်းစွာ ချိတ်ဆက်ထားသည့် အစိုးရ အုပ်ချုပ်ရေးကွန်ယက်တို့ အခြေစိုက်ထားသည့် မြို့ဖြစ်ပါသည်။

ပုသိမ်မြို့နယ်တွင် မြို့ပြရဲ့ထွင်နေထိုင်မှုများ အရှိန်အဟုန်မြင့်လာခြင်းနှင့် အတူရေရှည်တည်တံ့စေသောစွန့်ပစ်အမှိုက်နှင့်ရေစီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် အရေးကြီး ဖြေရှင်းရမည့် စိန်ခေါ်မှုများလည်း ရှိနေပါသည်။ ထို့အပြင် ပုသိမ် မြို့နယ်သည် မြေနေရာဆိုင်ရာ အစီအစဉ် ရေးဆွဲခြင်း (မြေအသုံးချမှု၊ အိမ်ရာ)၊ လူမှုရေး (ကျား၊မ မညီမျှမှု)၊ စီးပွားရေး (အလွတ်သဘောဆန်သည့် တရားမဝင်စီးပွားရေး၊ မြို့ပြဆင်းရဲ မွဲတေမှု နှင့် အသက်မွေးဝမ်းကြောင်း)၊ ကျန်းမာရေး (ကိုဗစ် – ၁၉) နှင့် ကျူးကျော်နေထိုင်မှုများ တိုးပွားလာခြင်း စသည်တို့နှင့် ပတ်သက်သည့် စိန်ခေါ်မှုများ ကို ရင်ဆိုင်နေရပါသည်။ ပုသိမ် မြို့နယ်တွင် ချောင်းလက်တက်၊ ချောင်းငယ်နှင့်ရေတံလျှောက်မြောင်း တစိုက် နေထိုင်နေကြသည့် (ကျူးကျော်များအပါအဝင်) မြို့ပြနေဆင်းရဲသားပြည်သူလူထု၏ ပါဝင်မှုနှင့် ၎င်းတို့ ရေရှည်တည်တံ့မှုရှိစေရေးကို ပုသိမ်မြို့နယ်၏ ပဏာမ ခြေလှမ်းတစ်ခုအနေဖြင့် အကျိုးသက်ဆိုင်သူ အစုံအလင်မှ ပါဝင်ပြီး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်း ဖြေရှင်းလုပ်ဆောင်ပေးသင့်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီး စည်ပင် သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုသိမ်တက္ကသိုလ်ကဲ့သို့သော အခြားသော ပါဝင်သည့်အကျိုးသက်ဆိုင်သူများမှ စာရင်းပြုစုထားသည့် ပုသိမ်မြို့နယ်၏ မြို့ပြဆိုင်ရာ ကိစ္စရပ်များအတွက် အဓိကစိန်ခေါ်မှုများနှင့်ဦးစားပေး အရာများမှာ ရေလွှမ်းမိုးခြင်း၊ ရေနုတ်မြောင်းနှင့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုတို့ဖြစ်ပါသည်။

VNG International

# DEALS

GOVERNANCE OF INCLUSIVE GREEN GROWTH IN CITIES

- အကျိုးသက်ဆိုင်သူပေါင်းစုံပါဝင်သည့် အစည်းအဝေးများကျင်းပနိုင်ရေး ပံ့ပိုးကူညီ ပေးခြင်း၊
- ရေရှည်တည်တံ့မှုရှိစေရေးဆိုင်ရာ ဘက်စုံ ပူးပေါင်းဆောင်ရွက်ရေး (ဌာနဆိုင်ရာ အမျိုးမျိုး နှင့် ပူးပေါင်းဆောင်ရွက်ရေး)ကို ပံ့ပိုးကူညီ ပေးခြင်း၊
- လေ့လာသင်ယူခြင်းနှင့် အချင်းချင်းဖလှယ်ခြင်း
- နယ်သာလန် လေ့လာရေးခရီး (၂၀၁၈ ခုနှစ်)
- ပြည်တွင်းလေ့လာရေးခရီးများ၊
- လိုအပ်လျှင် လိုအပ်သလို မြို့နယ်အချင်းချင်း လေ့လာသင်ယူရေး လုပ်ဆောင်ခြင်း၊




## ရလဒ်များ

ပုသိမ်မြို့၏ ရေလွှမ်းဒဏ် ခံရလွယ်သည့် နေရာများတွင် မြို့ပြဆင်းရဲသား ပြည်သူလူထု ခံစားနေရသည့် ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုး သက်ရောက်မှု လျော့နည်းလာပြီး ၎င်းတို့၏ လူနေမှုဘဝ အခြေအနေများ ပိုမိုတိုးတက် ကောင်းမွန်လာခြင်း။

## ပါဝင်သည့် အဖွဲ့အစည်းများ

- အစိုးရအဖွဲ့အစည်းများ – မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက် အထောက်အကူပြုနှင့် သန့်ရှင်းရေးအဖွဲ့များ၊ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပုသိမ်မြို့နယ်ရှိ ၎င်းတို့၏ လက်အောက် ဌာနဆိုင်ရာများ။ ဆိုလိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတ ဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန နှင့် ပြည်ထောင်စု အစိုးရ အဖွဲ့ရုံး ဝန်ကြီးဌာန နှင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတို့ ဖြစ်ပါသည်။
- အစိုးရမဟုတ်သော အဖွဲ့အစည်းများ – စီမံကိန်းသည် လူထုကဏ္ဍ အနေဖြင့် အခြားသော အရေးပါသော အဖွဲ့အစည်းများ ဖြစ်သည့် ပုသိမ်တက္ကသိုလ်၊ Clean Pathein နှင့် ATAA ကဲ့သို့သော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုသိမ်စက်မှုမြို့တော် ကဲ့သို့သော ပုဂ္ဂလိကကဏ္ဍ စသည့် အကျိုးသက်ဆိုင်သူပေါင်းစုံတို့ နှင့် မိတ်ဖက်အဖြစ်ပူးပေါင်းကာ တက်တက်ကြွကြွ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်လာရေးကို လက်ကိုင်ပြုထားပါသည်။ ဤစီမံကိန်းသည် ၎င်း၏ လုပ်ငန်းများကို အခြား အလှူရှင်အဖွဲ့အစည်းများ (အာရှဖောင်ဒေးရှင်း၊ ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေး အဖွဲ့၊ ကုလသမဂ္ဂ အခြေချနေနိုင်မှု အဖွဲ့ ( UN Habitat ) ၊ဒတ်ချ်သံရုံး) ၏ လုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင် ပါသည်။

## "တမူထူးခြားဆန်းသစ်သည့် ချဉ်းကပ်နည်းလမ်းတစ်ခုဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ဘုံရည်မှန်းချက်ပန်းတိုင်တစ်ခုသို့ ရောက်ရှိရန်အတွက် ရှေ့ဆက်လုပ်ဆောင်နေပါသည်"

နော်ထီးခူးပေါ ( DEALS City ချိတ်ဆက်ညှိနှိုင်းရေးမှူး ) – အကျိုးသက်ဆိုင်သူပေါင်းစုံပါဝင်သည့်အလွှာအဆင့်ဆင့် ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းသည် ကျွန်တော်တို့အတွက် တမူထူးခြားဆန်းသစ်သည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဖက်ဒရယ်နိုင်ငံရေးစနစ်သို့ ကူးပြောင်းရာတွင် လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသ အနေဖြင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးနှင့် ဗဟိုချုပ်ကိုင်မှုလျော့ချရေးလုပ်ငန်းစဉ်များကို စတင် ဖော်ဆောင် ခဲ့ပါသည်။ DEALS သည် ပြည်ထောင်စု၊ တိုင်းဒေသကြီး။ပြည်နယ်၊ ခရိုင်၊ မြို့နယ်စသည့် အဆင့်အသီးသီးရှိ အစိုးရ အဖွဲ့အစည်းအမျိုးမျိုးအတွက် အခြေခံလူတန်းစားအဆင့်အထိ ပြည်သူလူထုနှင့် ထိတွေ့ဆောင်ရွက်နိုင်စေရန် အတွက် အခွင့်အလမ်း၊နေရာတစ်ခုကို ဖော်ဆောင်ပေးထားပါသည်။

စီမံကိန်းအစတွင် အဆင့်အသီးသီးနှင့် ပူးပေါင်းချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရာ၌ အဓိကစိန်ခေါ်မှုများကို တွေ့ရှိ ခဲ့ရပါသည်။ ဘက်စုံခြုံငုံသည့် ချဉ်းကပ်နည်းလမ်းတစ်ခု၏ အဓိကအစိတ်အပိုင်းများမှာ ဌာနဆိုင်ရာအချင်းချင်း၊ အစိုးရအဖွဲ့အစည်းများ၏ အခြားအဆင့်အမျိုးမျိုးတို့နှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် မြို့နယ်အဆင့် အဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်ခြင်းတို့ ဖြစ်ကြပါသည်။



အကျိုးသက်ဆိုင်သူ များတွေ့ကြုံခဲ့ရသည့် စိန်ခေါ်မှုတစ်ခုမှာလည်း အခန်းကဏ္ဍအမျိုးမျိုးရှိ ပြည်သူများ၊ အကျိုးစီးပွားများ၊ ပညာရေး အဆင့်အမျိုးမျိုး၊ယဉ်ကျေးမှုအမျိုးမျိုးနှင့် ကျား၊ မ စသည်တို့နှင့် အတူလက်တွဲ လုပ်ကိုင်ရန် ဖြစ်ပါသည်။ အသေးဆုံးသော လူမှုအသိုက်အမြုံတစ်ခုအတွင်းမှာတွင်ပင်လူအများသည်အချင်းချင်းဆွေးနွေးတိုင်ပင်ခြင်း၊ တစ်ဦးစကားကို တစ်ဦးမှ နားထောင်ပေးခြင်းနှင့် ဆုံးဖြတ်ချက်များကို အတူတကွချမှတ်ခြင်း စသည့် အလေ့အထများနှင့် မယဉ်ပါးခဲ့ကြပါ။

ဤ DEALS စီမံကိန်းသည် အစိုးရ အဖွဲ့အစည်းများအချင်းချင်းနှင့် အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်လာစေခဲ့ပါသည်။ လက်ရှိတွင် အဓိကကျသည့် အကျိုး သက်ဆိုင်သူများသည် အတူတကွလက်တွဲ လုပ်ဆောင်ခြင်း၏ အကျိုးကျေးဇူးကို အသိအမှတ်ပြုလာကြပြီး ရေရှည်တည်တံ့စေသော ရေနှင့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဖြစ်စေရေးအတွက် ဖြေရှင်းနည်းများကို ဖော်ထုတ်ရရှိနိုင်ရန် အတွက် ၎င်းတို့သည် တစ်ဦးနှင့် တစ်ဦးအပြန်အလှန် အမှီသဟဲပြုဖြည့်စွက်ပံ့ပိုး ဆောင်ရွက်မှ ရမည်ဖြစ်ကြောင်းကို ထင်ရှားသိမြင်စေပါသည်။